မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

၂၀၁၂ ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရှီမွန် ပဲရေ့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူပြီး စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ မဖြစ်ပေါ်စေရေး အလေးအနက်ထားသတိပြုဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၁ ရက် နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ (State Guest House, HAGOROMO- NO- MA Hall) ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒ၊ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နံနက် ၈ နာရီခွဲတွင် ထိပ်သီးအစည်းအဝေးကျင်းပမည့် အစိုးရဧည့်ဂေဟာသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ ရောက်ရှိလာရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒ က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တက်ရောက်လာကြသည့် ခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ကြိုဆိုနှုတ်ဆက်

စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒ က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အကောင်အထည်ဖော်

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် မဲခေါင်ဒေသတွင်း နိုင်ငံများအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရှိလာသည်နှင့်အမျှ ဒေသအတွင်း ရေရှည်တည်တံ့ပြီး မျှတသည့် ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✳

မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသို့ ဦးတည်၍ လတ်တလောဆောင်ရွက်နေသည်ကို အားပေးသည့် အနေဖြင့် တင်ရှိနေသော ကြွေးမြီနှင့် နောက်ကျကြေး၏ ၆၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးမည်

နေပြည်တော် ဧပြီ ၂၅

သတင်းထုတ်ပြန်ကြေညာချက်

၂၁-၄-၂၀၁၂ ရက်နေ့ ဂျပန်နိုင်ငံ၊ နိုင်ငံတော်ဧည့်ဂေဟာရှိ HAGOROMO- NO-MA ခန်းမ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရိုရှိဟီကို နိုဒ တို့ ပူးတွဲကြေညာခဲ့သည့် သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသို့ဦးတည်၍ လတ်တလောဆောင်ရွက်နေသည်ကို အားပေးသည့်အနေဖြင့် မြန်မာနိုင်ငံသို့ကူညီထားသော ဂျပန်ယန်းချေးငွေများ ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံသို့တင်ရှိနေသော ကြွေးမြီနှင့်နောက်ကျကြေး၏ ၆၀ရာခိုင်နှုန်းအား ကြွေးလျှော်ပေးမည်ဖြစ်ကြောင်း။

၂။ မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၏ စနေနေ့တွင် ကျင်းပသော ညီလာခံနှင့် ဆက်စပ်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရန်ပုံငွေအတွက် ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် လုပ်ငန်းစဉ် (၂)ရပ်ဖြင့် အကောင်အထည်ဖော်ရန် ဂျပန်နိုင်ငံမှ သဘောတူညီခဲ့ကြောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်(၂)ရပ်မှာ လွန်ခဲ့သော ဆယ်စုနှစ်(၂)စုအတွင်း တိုးပွားလာသော နောက်ကျကြေးဂျပန်ယန်း ၁၇၆ ဒသမ ၁ ဘီလီယံအား ကြွေးလျှော်ပေးခြင်းနှင့် ကြွေးမြီ ဂျပန်ယန်း ၁၂၇ ဒသမ ၄ ဘီလီယံကို ပယ်ဖျက်ပေးခြင်းတို့ဖြစ်ပါကြောင်း၊ ကြွေးလျှော်ခြင်းသည် မြန်မာနိုင်ငံ၏တစ်နှစ်တာ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးများကို နှစ်နိုင်ငံပူးတွဲစောင့်ကြည့်ရေး အခြေအနေပေါ်တွင် မူတည်ပါကြောင်းနှင့် မြန်မာနိုင်ငံသည် ဂျပန်နိုင်ငံမှ ယခင်ချေးယူထားသောကြွေးမြီ ဂျပန်ယန်း ၁၉၈ ဒသမ ၉ ဘီလီယံကို နှစ်ရှည်သက်သာသော ချေးငွေအသစ်တစ်ရပ် ထုတ်ယူခြင်းဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ပါကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရိုရှိဟီကို နိုဒ က ကြေညာခဲ့ပါသည်။

၃။ "ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ ပေးရန်ရှိကြွေးမြီ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ကြွေးလျှော်ပေးသည့်အတွက် ဂျပန်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း၊ တိုကျို၏ဘဏ္ဍာရေးကူညီပံ့ပိုးမှုမှာ အရေးကြီးပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ကြွေးမြီရှင်းလင်းရေးကိစ္စနှင့်ပတ်သက်၍ ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကူညီပံ့ပိုးမှုမှာ ကျွန်ုပ်တို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုများကို များစွာအကျိုးဖြစ်ထွန်းစေနိုင်ပါကြောင်း"သမ္မတဦးသိန်းစိန်က ပြောကြားခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ငွေကြေးများသုံးစွဲရာတွင် အကောင်းဆုံးနည်းလမ်းကို နှစ်နိုင်ငံအစိုးရအကြား ဆွေးနွေးဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် အတိုးနှုန်းသက်သာသော ဂျပန်ယန်းချေးငွေများကို ဂျပန်နိုင်ငံမှ တရားဝင်ပြန်လည်စတင်မည်ဖြစ်ပါကြောင်း။

၅။ ဂျပန်နိုင်ငံသည် လူနည်းစုဖြစ်သော တိုင်းရင်းသားလူမျိုးစုများအား အကူအညီပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် ဂျပန်ယန်း ၅ ဘီလီယံကိုလည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသော အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးH.E.Mr.Giuliomaria TERZI DI SANT'AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ Mayor Of Turin H. E. Mr. Piero Fassino နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Paolo Andrea BETORELLI တို့လည်း တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ခိုင်မာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှိဟီကို နိုဒ၏ ဖိတ်ကြားချက်အရ တိုကျိုမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ထို့နောက် ရန်ကုန်မြို့မှ ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းခရီးစဉ်ဖြင့် ဗန်ကောက်မြို့မှတစ်ဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ထွက်ခွာခဲ့သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများလိုက်ပါလာသည့် လေယာဉ်သည် ဧပြီ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် တိုကျိုမြို့ရှိ နာရီတာလေဆိပ်သို့ ရောက်ရှိသည်။ နိုင်ငံတော်သမ္မတအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် တောင်အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kunio Umeda နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ရောက်ရှိ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Hotel New Otani သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီ ၂၆ ရက်)

စနစ်မှန်မှ တိုးတက်အောင်မြင်မည်

ဘာပဲလုပ်လုပ် စနစ်သည် အရေးကြီး၏။ သေးသေးဖွဲဖွဲ အလုပ်ပဲလုပ်လုပ်၊ ကြီးကြီးမားမား အလုပ်ပဲလုပ်လုပ် စနစ်သည် အခရာဖြစ်၏။ စနစ်ကောင်းလျှင် အောင်မြင်နိုင်၏။ စနစ်မကောင်းလျှင် မအောင်မြင်နိုင်။ စနစ်ကောင်းသည် စနစ်မှန်ဖြစ်၏။ စနစ်ပါသည့်အလုပ်နှင့် စနစ်မပါသည့်အလုပ် မတူ။ စနစ်ပါသည့်အလုပ်သည် တိုးတက်အောင်မြင်နိုင်၏။ စနစ်ကောင်း စနစ်မှန်သည် အောင်မြင်မှုပန်းတိုင်သို့ လှမ်းကိုင်ရာတွင် အောင်မြင်မှုအတွက် အကြမ်းအားဖြင့် ပုံဖော်ပေးနိုင်စွမ်းရှိ၏။

စနစ်သည် အမျိုးမျိုးရှိ၏။ အိမ်တွင် အိမ်စနစ်၊ ကျောင်းတွင် ကျောင်းစနစ်၊ ရုံးတွင် ရုံးစနစ်ဟူ၍ ရှိကြသည်။ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ ရုံးစည်းကမ်းရှိသလို စနစ်သည်လည်းရှိ၏။ အိမ်စနစ်သည် မိသားစုအားလုံးနှင့် သက်ဆိုင်၏။ ကျောင်းစနစ်သည် ကျောင်းသား ကျောင်းသူများအားလုံးနှင့် သက်ဆိုင်၏။ ရုံးစနစ်သည် ဝန်ထမ်းများနှင့် သက်ဆိုင်၏။ စနစ်တစ်ခုချမှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် လုပ်ငန်းအောင်မြင်ပြီးမြောက်စေနိုင်သည်။

စနစ်ဟူသည် မူဘောင်တစ်ခုပင်ဖြစ်၏။ လုပ်ငန်းများလုပ်ကိုင်ကြရာတွင် မူထားရှိလုပ်ကိုင်ကြ၏။ စနစ် မူဘောင်သည် လုပ်ငန်းတစ်ခု ကောင်းမွန်တည့်မတ် မှန်ကန်မြန်ဆန်ရေးအတွက် အမြဲတမ်း ပုံဖော်ပေးနိုင်၏။ စနစ်သည် လုပ်ငန်းကိုတည့်မတ်ပေးနိုင်၏။ ထို့ကြောင့်ပင် အလုပ်လုပ်ကိုင်ကြရာတွင် "စနစ်တစ်ခုထားရှိပါ။ စနစ်ရှိမှ အမှားအယွင်းနည်းမည်၊ စနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြပါ"ဟူ၍ လူကြီးသူမများက မကြာခဏ ပြောဆိုလေ့ရှိသည်။

စနစ်မရှိသည့်အလုပ်တစ်ခုသည် အကွပ်မရှိသည့်ကြမ်း ပရမ်းပတာဆိုသကဲ့သို့ ဖြစ်နိုင်၏။ စနစ်သည် အထိန်းအကွပ်ပင်ဖြစ်၏။ အထိန်းအကွပ်ရှိမှ လမ်းကြောင်းမှန်ကို တည့်မတ်ပေးနိုင်၏။ လမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းမှုလည်း လမ်းကောင်းကိုရောက်မည်။ လမ်းကြောင်းမမှန်လျှင် လမ်းကောင်းမရောက်နိုင်။ လမ်းကြောင်းမှန်မှ တိုးတက်အောင်မြင်နိုင်၏။ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် စနစ်ကောင်း စနစ်မှန်သည် အရေးကြီးသည်။

ယနေ့ စီးပွားရှာသည်ဖြစ်စေ၊ ပညာရှာသည်ဖြစ်စေ၊ အလုပ်တစ်ခုခု လုပ်ကိုင်သည်ဖြစ်စေ စနစ်ထားရှိလုပ်ကိုင်ကြရန်လို၏။ စနစ်ကောင်းတစ်ခုသည် လုပ်ငန်းအောင်မြင်မှု၏ အသက်သွေးကြောသဖွယ်ဖြစ်၏။ လုပ်ငန်းအောင်မြင်ရန် စနစ်ကောင်းဖို့ လိုသေးသည်။ စနစ်မကောင်းလျှင် လုပ်ငန်းမတွင်ကျယ်။ စနစ်ကောင်းမှ လုပ်ငန်းတွင်ကျယ်မည်။ တိုးတက်နိုင်၏။ စနစ်မှားယွင်း၍ ဆုံးရှုံးသွားသော စီးပွားရေးလုပ်ငန်းများစွာရှိ၏။ အရှုံးပေါ်သည့် စီးပွားရေးလုပ်ငန်းများအကြောင်းကြားဖူး၏။ ဤသည်မှာ စနစ်မှားယွင်းမှုကြောင့်ပင်ဖြစ်၏။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် မိမိတို့၏ဘဝတိုးတက်အောင်မြင်ရေးအတွက် စနစ်ကောင်း စနစ်မှန်များ ရွေးချယ်ချမှတ် လုပ်ကိုင်သင့်ပေသည်။ လုပ်ကိုင်နေသည့် အလုပ်များစွာတို့သည် စနစ်ရှိသလော၊ စနစ်မရှိသလော ပြန်လည်ဆန်းစစ်သင့်၏။ ရွေးချယ်လုပ်ကိုင်သည့် စနစ်သည် မှန်ကန်ကောင်းမွန်မှု၊ လမ်းကြောင်းမှန် တည့်မတ်ပေးနိုင်မှု ရှိ မရှိ ပြန်လည်သုံးသပ်သင့်၏။ လမ်းကြောင်းမှန် စနစ်မှန်မှ တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

*** ရှေ့ဖုံးမှ**

မဲခေါင်ဒေသတွင်းနိုင်ငံများရှိ သဘာဝသယံဇာတအရင်းအမြစ် ပေါကြွယ်ဝမှုနှင့် အလုပ်ကြိုးစား လုပ်ကိုင်လိုသည့် လုပ်သားအင်အားထုကြီး လုံလောက်စွာရှိနေခြင်းသည် အနာဂတ်တွင် မဲခေါင်ဒေသကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သော ဒေသကြီးတစ်ခုဖြစ်ပေါ်လာစေရန် ဖန်တီးပေးနိုင်မည့် အခြေခံကောင်းများပင် ဖြစ်ပါကြောင်း၊ ဤနေရာတွင် ဂျပန်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှု အကူအညီဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဒေသတွင်း အရှေ့-အနောက် စီးပွားရေးစင်္ကြံများနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံများကို မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် ဒေသအတွက်သာမက ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေး လုပ်ငန်းစဉ်များကိုပါ များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ မဲခေါင်ဒေသအတွင်းတွင် ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်လာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိလာစေမည်ဖြစ်သည့်အတွက် ဒေသအပြင်ဘက်ရှိ နိုင်ငံတကာအသိုင်းအဝိုင်းတွင်ပါ မဲခေါင်ဒေသ၏ အရေးပါသောအခန်းသည်ကို အလေးအနက်ခံယူပါကြောင်း၊ ဤနေရာတွင် ဂျပန်နိုင်ငံ၏ ဦးဆောင်ကမကထပြုမှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော မဲခေါင်ဒေသစိမ်းလန်းစိုပြည်ရေးအစီအစဉ်နှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ကျရေးနှင့် ရာသီဥတုမျှတသည့် ကမ္ဘာကြီးဖြစ်ပေါ်စေရေးအတွက် မျှော်မှန်းချက်နှင့် အကောင်အထည်ဖော်ဆောင်မှုများအား မြန်မာနိုင်ငံအနေဖြင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ယနေ့အချိန်အခါတွင် ဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြား၌ သဘာဝဘေးဒုက္ခများ မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံကွန်ရက်ထူထောင်ရေးအဆိုပြုချက်ကို မြန်မာနိုင်ငံက ကြိုဆိုပါကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအတွက် အာဆီယံပူးပေါင်းညှိနှိုင်းရေး ဗဟိုဌာနအား ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေးအတွက် ဂျပန်နိုင်ငံ၏ ပူးပေါင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

စတုတ္ထ အကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

သတင်းစာရှင်းလင်း

စတုတ္ထ အကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကဏ္ဍကို ပိုမိုမြှင့်တင်သွားနိုင်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း။

ဟန်ချက်ညီညီ

ဒေသတွင်း ဆက်သွယ်မှုလမ်းကြောင်းများ ကျယ်ပြန့်စွာဖြစ်ပေါ်လာသည်နှင့်အမျှ ပြည်သူချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုကိုလည်း ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုများကို ပိုမိုတည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အတူ ဒေသတွင်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူ ပြုသွားနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်ဒေသတွင်ရှိသည့် သဘာဝသယံဇာတများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို ပေါင်းစပ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သော ဒေသအဖြစ် ပြောင်းလဲဖော်ဆောင်သွားနိုင်ရန်အတွက် ဂျပန်နိုင်ငံကဲ့သို့ ဒေသပြင်ပမှ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၏ နည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ယခုထက် ပိုမိုရရှိရန် လိုအပ်ပါကြောင်း၊ ထိုသို့ နည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် ဆွဲဆောင်ရာတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

မဲခေါင်ဒေသတွင်း နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူပြီး စက်မှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် အလေးအနက်သတိပြု ဆောင်ရွက်သွားကြရန် လိုအပ်ကူညီမှုများအပေါ် ကျေးဇူးတင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

အားပေးတိုက်တွန်း

ထို့ပြင် မဲခေါင်ဒေသတွင်းနိုင်ငံများ၌ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဂျပန်နိုင်ငံမှ အကူအညီများ ဆက်လက်ပေးအပ်လျက်ရှိသဖြင့်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးအပ်ရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ငွေကြေးအဖွဲ့အစည်းများက ဒေသတွင်းနိုင်ငံများကို တစ်ပြေးညီ မျှတသည့် အကူအညီများပေးအပ်ရေးကိုလည်း အားပေးတိုက်တွန်းသွားစေလိုပါကြောင်း၊ ယခုအစည်းအဝေးတွင် မဲခေါင်-ဂျပန် မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာလာစေရန် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ထားသည့် ၂၀၁၂ ခုနှစ် တိုကျိုမဟာဗျူဟာကိုလည်း အပြည့်အဝထောက်ခံ ကြိုဆိုပါကြောင်း။

ထပ်လောင်းပြောကြား

မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုမူဘောင်အတွင်းတွင် ဒေသတွင်းနိုင်ငံများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ စိတ်ရင်းစေတနာနှင့် ကူညီဆောင်ရွက်ပေးမှုများအတွက် မြန်မာပြည်သူများနှင့် အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုကျိုမဟာဗျူဟာ၂၀၁၂ကို အတည်ပြုခဲ့ကြသည်။အဆိုပါ တိုကျိုမဟာဗျူဟာ ၂၀၁၂ တွင် မဲခေါင်နိုင်ငံများအကြား၂၀၁၅ ခုနှစ်အထိ လာမည့် သုံးနှစ်တာကာလအတွင်း ဒေသတွင်းဆက်သွယ်မှုတည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးရန်တားဆီးကာကွယ်ရေးအပါအဝင် လူသားလုံခြုံရေးစသည့် ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင်သုံးရပ်နှင့်စပ်လျဉ်း၍ အခြေခံရည်မှန်းချက်များကို ရေးဆွဲချမှတ်ခဲ့သည်။

ရုပ်သိမ်းလိုက်

ဆက်လက်၍ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို နံနက် ၁၁နာရီတွင် ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များက အမှာစကားပြောကြားကြကာ နံနက် ၁၁နာရီ ၁၅မိနစ်တွင် သတင်းစာ

ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်အားပေး

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် ဂျပန်နိုင်ငံ Nissan ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည့် လျှပ်စစ်မော်တော်ယာဉ် သရုပ်ပြမောင်းနှင်ပွဲသို့ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၂၀	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၅၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅း၁၀	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	ဂီတသံစဉ်အလှဆင်
၅း၃၀	သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	အစာလည်းဆေး၊ ဆေးလည်းအစာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒ တို့ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ပြီးခဲ့သည့် တစ်နှစ်အတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အပြုသဘောဆောင်သော တိုးတက်မှုများဖြစ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် ဂျပန်နိုင်ငံမှ များစွာ ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ အလားတူ ဧပြီ ၁ ရက်က ကျင်းပခဲ့သည့် ကြားဖြတ် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပြီး အောင်မြင်စွာ ကျင်းပ နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုလိုပါကြောင်း၊ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အပေါ် အထူးစိတ်ဝင် တစားလေ့လာစောင့်ကြည့်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် နှစ်နိုင်ငံ တွေ့ဆုံပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးမှုရလဒ်များသည် မိမိတို့နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာစေရန်အတွက် အထောက်အကူပြုသွားမည်ဟု မျှော်လင့်ထားပါကြောင်း ဖြင့် ပြောကြားသည်။

သမိုင်းမှတ်တိုင်

ထို့နောက် နိုင်ငံတော်သမ္မတက ယခုတစ်ခေါက် ဂျပန်နိုင်ငံသို့ လာရောက်သည့် မိမိ၏ ခရီးစဉ်သည် မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူကရွေးချယ် သည့် အစိုးရပေါ်ပေါက်လာပြီးနောက် ပထမဆုံးအကြိမ် တရားဝင်ခရီးစဉ်ဖြစ်ပါ ကြောင်း၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီကိုအခြေခံသည့် နိုင်ငံတော်သစ်ကို တည်ဆောက် ပြီးနောက် နိုင်ငံအကြီးအကဲအနေဖြင့် ၂၈ နှစ်အတွင်း ပထမဆုံးလာရောက်ခြင်းဖြစ်သည့် အတွက် နှစ်နိုင်ငံဆက်ဆံရေးတွင် ထူးခြားလေးနက်သော သမိုင်းမှတ်တိုင် တစ်ရပ်ပင် ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ဆက်ဆံရေးစာမျက်နှာသစ်ကိုဖွင့်လှစ်ရန် ခိုင်မာသောအခြေခံ အုတ်မြစ်များကို ချမှတ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်း။

နှစ်နိုင်ငံအကြား ရှိရင်းစွဲ သမိုင်းစဉ်လာချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန် အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန် အဆွေတော်နှင့် လက်တွဲပူးပေါင်းဆောင် ရွက်သွားလိုပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဂျပန်နိုင်ငံအနေ ဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကိုအလေးထားသဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ကောင်းမွန်စေရန် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုလည်း တတ်နိုင်သည့်ဘက်မှ အားပေးကူညီသွားရန် အသင့်ရှိပါကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှု များအပေါ် တုံ့ပြန်သည့်အနေဖြင့် မိမိတို့မှချမှတ်ထားသည့် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုး

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒ က တိုကျိုမြို့ အစိုးရဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်မှုများအတွက် ဂျပန်နိုင်ငံက မဏ္ဍိုင်(၃)ရပ်ဖြင့် ကူညီပံ့ပိုးသွားမည်ဖြစ်ပါ ကြောင်း၊ ပထမမဏ္ဍိုင်မှာ မြန်မာပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်ကောင်းမွန်စေ ရေးအတွက် လိုအပ်သည့် အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နေရပ်များမှ ရွှေ့ပြောင်းနေထိုင်ရသူ များအား အကူအညီပေးအပ်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ လယ်ယာထွက်ကုန်များအားတန်ဖိုးမြင့် ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲပေးရေး စသည့်ကိစ္စရပ်များတွင် အကူအညီများပေးအပ်သွားရန် ဆန္ဒရှိနေပါကြောင်း၊ ဒုတိယ အချက်အနေဖြင့် လူမှုစီးပွားရေး တိုးတက်ကောင်းမွန်စေရေးအတွက် အလွန်အရေး ကြီးသည့် လူသားစွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များ၌ လိုအပ်သည့်အကူအညီများ ပေးအပ်သွားရေးပင် ဖြစ်ပါကြောင်း၊ တတိယအချက်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲ သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ အလားတူစိုက်ပျိုးရေးအခြေခံ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ် သည့်အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက် ရေးအတွက် လိုအပ်သည့် Master Plan ရေးဆွဲရေးတို့၌လည်း အကူအညီပေးအပ် သွားနိုင်ပါကြောင်း၊ ဘီလူးချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံအမှတ် (၂) မွမ်းမံရေး အတွက် ပဏာမလေ့လာဆန်းစစ်မှုအဖွဲ့တစ်ဖွဲ့ကိုလည်း စေလွှတ်သွားရန်ရှိပြီး အဆိုပါ စီမံကိန်း ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်သွားလိုသည့် ဆန္ဒရှိပါကြောင်း၊ သဘောတူလက်မှတ်ရေးထိုးရန်ရှိသည့် ကြွေးမြီလျှော်ပေးရေး နည်းလမ်းဆိုင်ရာ သဘောတူညီချက်ကို ကြိုဆိုပါကြောင်း၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာ နိုင်ငံအတွက် ဘဏ္ဍာရေးအကူအညီပေးအပ်ရေးကိစ္စရပ်များ၌လည်း ဂျပန်နိုင်ငံမှ ကြားဝင်စေ့စပ်ညှိနှိုင်းပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ချေးငွေ၊ ထောက်ပံ့ငွေများ ပေးအပ်ရေးအတွက်လည်း သုံးသပ်သွားရန်ရှိပါကြောင်း၊ စီးပွားရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့အနီးရှိ သီလဝါရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းအား မြန်မာ-ဂျပန်နှစ်နိုင်ငံ ဖက်စပ်အကောင် အထည်ဖော်ဆောင်ရန်ကိစ္စကို ကြိုဆိုပါကြောင်း၊ ဤစီမံကိန်းအား ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် အစိုးရ-ပုဂ္ဂလိက လက်တွေ့ပူးပေါင်း ဆောင်ရွက်သွားရေးအတွက် အလေးထားတိုက်တွန်းလိုပါကြောင်း။

အားရကျေနပ်

ဂျပန်နိုင်ငံရှိ ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုရှာဖွေရေး၊ စွမ်းအင် ကုမ္ပဏီများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် ဆန္ဒပြင်းပြလျက်ရှိ နေပါကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အထူးစီးပွားရေးဇုန် ဥပဒေများ ပြင်ဆင်ရေးဆွဲရေး၌လည်း ဆက်စပ်ဆောင်ရွက်ပေးလိုပါကြောင်း၊ နှစ်နိုင်ငံ အကြား ရင်းနှီးမြှုပ်နှံမှု ဥပဒေရေးဆွဲနိုင်ရေးအတွက်လည်း ဆက်လက်ညှိနှိုင်းသွားလိုပါ ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍ၌ ခေတ်မီနည်းပညာ အတွေ့အကြုံများရှိသဖြင့် မြန်မာနိုင်ငံ၏ သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း မျှဝေပေးသွားနိုင်မည့် အနေအထားရှိပါကြောင်း၊ ဂျပန် လေကြောင်းလိုင်း All Nipon Airway (ANA) မှ မကြာမီ ရန်ကုန်-နာရီတာ တိုက်ရိုက်လေယာဉ်ပျံသန်းရန် စီစဉ်ထားပါကြောင်း၊ အလားတူ Daiwa Security Group နှင့် Tokyo Stock Exchange တို့ကလည်း မြန်မာနိုင်ငံ စတော့ဈေးကွက် ထူထောင်ရေးအတွက်လိုအပ်သည့် အကူအညီများ ပေးအပ်သွားမည်ဟူသည့် သတင်းများကြားသိရသဖြင့် များစွာအားရကျေနပ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ၂၀၁၁ ခုနှစ် မတ်လတွင် ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက် နှစ်နိုင်ငံအကြား ဆက်ဆံရေး စာမျက်နှာသစ်ဖွင့်လှစ်လိုကြောင်း ဂျပန်နိုင်ငံဘက်မှ စတင်အဆိုပြုခဲ့ပြီး ဂျပန်နိုင်ငံမှ လွှတ်တော်အမတ်များ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနှင့် စီးပွားရေးကုမ္ပဏီကြီးများ အများအပြား မြန်မာနိုင်ငံသို့လာရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အနေဖြင့်လည်း ဂျပန်နိုင်ငံသို့ တရားဝင်ခရီးလာရောက်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ဂျပန်နိုင်ငံနှင့်ဆက်ဆံရေးကို အလေးထားသည့်အလျောက် ချစ်ကြည်ရင်းနှီးခိုင်မာသည့် ဆက်ဆံရေးစာမျက်နှာသစ် ဖွင့်လှစ်သွားရန် အဆင်သင့်ရှိနေပါကြောင်း။

ယခုကဲ့သို့ အခွင့်အခါကြုံခိုက် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် အစိုးရ နှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး အနည်းငယ် ရှင်းလင်း ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့် ပြည်သူတို့အား ကတိကဝတ်ပြုထား ခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ ပြည်သူတို့၏ အနာဂတ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်းဖော်ဆောင်လျက် ရှိပါကြောင်း။

အထူးသဖြင့် ပြည်သူတိုင်း၏ လိုလားတောင့်တချက်ဖြစ်သော နိုင်ငံတည်ငြိမ် အေးချမ်းရေး၊ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေး လျက်ရှိပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုအတွင်း ထာဝရ ငြိမ်းချမ်းရေး ရရှိစေနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်း ရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေတိုးတက် ကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ဆက်လက်ပြီးလည်း ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထို့အပြင် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည် များကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့ပြင် ပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချ ရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတစ်ဝန်းတွင် လက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ လူမှု အသိုင်းအဝိုင်း စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများ၏ နေရာများ အပါအဝင် ဆင်းရဲသောဒေသများအတွက် အစားအစာများ ထောက်ပံ့ပေးရေးစီမံချက် အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးနိုင်မည်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါ ကြောင်း။

ဧပြီ ၁ ရက်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင် လစ်လပ် လျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၄၈ နေရာအနက် ၄၅ နေရာအတွက် ရွေး ကောက်ပွဲကို ကျင်းပခဲ့ပါကြောင်း၊ ၎င်း ၄၅ နေရာအနက် NLD ပါတီက နေရာ အများစုတွင် အနိုင်ရရှိခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ၎င်းပါဝင် ယှဉ်ပြိုင်အရွေးခံခဲ့သော ကော့မှူးမြို့နယ်၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့ မကြာမီ ရက်ပိုင်းအတွင်း ကျင်းပတော့မည့် လွှတ်တော်အတွင်း ပါဝင်လာခြင်းဖြင့် အမျိုးသား နိုင်ငံရေးဖြစ်စဉ်တွင် နိုင်ငံတော်၏အကျိုး၊ ပြည်သူလူထု၏အကျိုးအတွက် အတူတကွ လက်တွဲဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ဤရွေးကောက်ပွဲကို လွတ်လပ် တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ဆက်လက်အကောင်အထည်ဖော်

နှစ်နိုင်ငံအကြား တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) မူဝါဒဆိုင်ရာ ဆွေးနွေး ပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်လာစေရေး အတွက် Foundry Plant Renovation၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း ပြုပြင် မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း ပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း၊ ဘီလူးချောင်းအမှတ်(၁)နှင့် အမှတ်(၂)၊ ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံ ပြန်လည်မွမ်းမံရေးနှင့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းတို့၏ Feasibility Study လုပ်ငန်းရပ်တို့ကို ဂျပန်နိုင်ငံ၏ ODA ဖြင့် ဆောင်ရွက်ရန် အဆိုပြုထားပါကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက ဆောင်ရွက်ခဲ့သော စီမံကိန်းများအနက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေးစီမံကိန်းများအပါ အဝင် ကျန်ရှိနေသည့် စီမံကိန်း(၈)ခုကိုလည်း ပြီးစီးအောင် ဆက်လက်အကောင် အထည်ဖော်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူမှုဘဝအခြေခံလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောထိန်းသိမ်းရေးများအတွက် အကူအညီများပေးအပ်ခဲ့ခြင်းအတွက် ကျေးဇူး တင်ရှိပါသည်ဟု ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတပစ္စည်းများနှင့် လူသားအရင်းအမြစ်ပေါကြွယ်ဝ သည့် နိုင်ငံဖြစ်ပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုနှင့် အတတ်ပညာများလိုအပ်လျက်ရှိ နေပါကြောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၄၆၀ တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံပေါင်း ၃၁နိုင်ငံအနက် ဂျပန်နိုင်ငံမှာအဆင့် ၁၂ နေရာတွင်သာ ရှိနေပါသေးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန် ဒေါ်လာ ၂၁၆ ဒသမ ၂၂သန်းခန့် ရှိပါကြောင်း၊ အဆိုပါပမာဏသည် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၀ ဒသမ ၅၃ ရာခိုင်နှုန်းခန့်သာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် အဆွေတော်မှ တိုက်တွန်းပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတောင်ပိုင်းရှိ ထားဝယ်နှင့် ရန်ကုန်မြို့အနီးရှိ သီလဝါအထူးစီးပွားရေးဇုန် နှင့် ရေနက်ဆိပ်ကမ်းများ တည်ထောင်ဆောင်ရွက်သွားရန် စီမံလျက်ရှိရာ ဂျပန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် ပြုလုပ်ရာတွင်လည်း အဆင်ပြေ ချောမွေ့စေရေးအတွက် မိမိတို့အပိုင်းက တတ်နိုင်သလောက်ကူညီပေးသွားမည် ဖြစ်ပါ ကြောင်း။

မိမိတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင် လျက်ရှိပြီး အဆင်ပြေချောမွေ့စွာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဆင်းရဲမှုရာခိုင်နှုန်းကို လက်ရှိ ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

ထောင်စုနှစ်ရည်မှန်းချက်အရ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး ဆင်းရဲသူများဖြစ်ကြသည့်အတွက် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေး၊အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေတိုးတက် ရရှိရေးတို့သည် မိမိတို့အစိုးရ၏ အဓိကမျှော်မှန်းချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူအများအပြားကို အလုပ်အကိုင်များများပေးနိုင်မည့် ကုန်ထုတ်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၊ ဒေသထွက်ကုန်ကို အခြေပြုသော အလုပ်ရုံ စက်ရုံများ မြန်မာနိုင်ငံတွင် များများလာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပေးစေလိုပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှုကိုလည်း ယခုထက်ပိုမိုတိုးမြှင့်သွားရန် မိမိတို့အနေဖြင့် လိုလားပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ ၄၉၃ ဒသမ ၈ သန်းရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ တွင် ၈၂၂ ဒသမ ၅ သန်းအထိ နှစ်ဆနီးပါး တိုးတက်ခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများ၊ JETRO အပါအဝင် ဂျပန်သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့်ကုန်သွယ်ဆောင်ရွက်မှုများ တိုးတက်လာစေရန် ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

အဆွေတော်သိရှိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေမြှုပ်ကွင်းများပြုပြင်ရေး၊ သဘာဝဘေးဒဏ်ကြောင့် ရေငန်ဝင်သည့် လယ်မြေများတွင် ရေငန်တားတာပေါင်များ ပြုလုပ်ရေး၊ မျိုးစပါးများ ထုတ်လုပ်ရေး၊ ခေတ်မီ ဆန်ကြိတ်ခွဲစက်များ တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေး၍ အကူအညီပေးစေလိုပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာအကူအညီပေးရေးတို့ကို ပိုမိုပေးအပ်စေလိုပါကြောင်း၊ ထို့အပြင် ဆောင်ရွက်ဆဲအပူပိုင်းဒေသရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေး နည်းပညာ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ စီမံကိန်းများနှင့် စက်မှုလယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထောက်ပံ့ရေးတို့အတွက်လည်း ဆက်လက်ကူညီပေးစေလိုပါကြောင်း၊ အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အရေးပေါ် ဆန်အရန်ရိက္ခာ စီမံကိန်းနှင့် စားနပ်ရိက္ခာဖူလုံရေး၊ သတင်းအချက်အလက် စီမံကိန်းများအပြင် အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၊ လူသားစွမ်းရည်တိုးမြှင့်ရေးတို့အတွက်လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ကဏ္ဍ၌လည်း ဂျပန်နိုင်ငံမှ ကုမ္ပဏီကြီးများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ၊ အယ်ပီဂျီစက်ရုံများတည်ဆောက်ခြင်း၊ စက်ရုံများ ပြုပြင်မွမ်းမံခြင်းတို့အတွက် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန အပါအဝင် ကုမ္ပဏီကြီးခြောက်ခုမှ လာရောက်ဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်အပါအဝင် အခြားသော စွမ်းအင်ကုန်ကြမ်းအခြေပြုကုန်ချောများ ထုတ်လုပ်သည့် စက်ရုံများ တည်ထောင်သွားလိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အတတ်ပညာပိုင်းဆိုင်ရာထိပ်တန်း နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ သတ္တုတွင်းကဏ္ဍ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ သမဝါယမပို့ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်းများ တိုးတက်မြင့်မားရေး၊ ပို့ဆောင်ရေးကဏ္ဍရှိ ရေကြောင်း၊ လေကြောင်း အပါအဝင် သင်္ဘောကျင်းတည်ဆောက်ရေး၊ ဆိပ်ကမ်းနှင့်ဆက်စပ်လုပ်ငန်းများ ခေတ်မီရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ANA လေကြောင်းက ဂျပန်မှ မြန်မာနိုင်ငံသို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲတော့မည်ဟု ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် အစောဆုံး လာရောက်ပါရန် ဖိတ်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက် ချီးမြှင့်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO တို့က နိုင်ငံတော်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သီလဝါအတွက် ပင်မစီမံကိန်းဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှုအပေါ် ရည်ရွယ်သည့်စာလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Koichiro GEMBA နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Yukio EDANO တို့ကလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Takashi SAITO တို့ကလည်းကောင်း ကြိုတင်၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သတင်းအဖွဲ့များနှင့် တွေ့ဆုံရာ နှစ်နိုင်ငံခေါင်းဆောင်တို့က ထိပ်သီးအစည်းအဝေးဆိုင်ရာများနှင့် နှစ်နိုင်ငံ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အား Presentation Hall ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် မဟာရန်ကုန်ဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရိုရှိုဟီကို နိုဒ က တိုကျိုမြို့ အစိုးရဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။

ညစာစားပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များက နှုတ်ခွန်းဆက်စကား ပြောကြားကြပြီးနောက် ညစာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

မြန်မာ-ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုရှိုဟီကို နိုဒက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုရှိုဟီကိုနိုဒတို့ တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ သတင်းအဖွဲ့များအား တွေ့ဆုံရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့အား ဧပြီ ၂၀ ရက် ညနေ ၅ နာရီတွင် Hotel New Otani ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အတူ လွှတ်တော်အမတ်များဖြစ်ကြသော Mr. Makoto Koga, Mr. Sengoku Yoshit, Mr.Keishi Tanaka နှင့် ဂျပန်သံအမတ်ကြီး Mr.Takashi SAITOတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့အား တိုကျိုမြို့ရှိ Hotel New Otani ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၂) ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၂၅

ပထမအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ကို ဧပြီ ၂၅ရက် နံနက် ၁၀နာရီတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးရဲမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦးတို့ တက်ရောက်ကြသည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးခြင်း၊ အတည်ပြုချက်ကို ရယူခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဗန်ကောက်အိုးပင်း စစ်တုရင်ပြိုင်ပွဲ မြန်မာ ပထမရရှိ

ရန်ကုန် ဧပြီ ၂၅

ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် ဗန်ကောက်အိုးပင်းစစ်တုရင်ပြိုင်ပွဲသို့ မြန်မာစစ်တုရင်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ရာတွင် Challenger Section စစ်တုရင်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ တင့်ဆွေဝင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) က ပထမနှင့် Open Section စစ်တုရင်ပြိုင်ပွဲ၌ အင်္ဂလန်နိုင်ငံမှ နီဂယ်ရှော့က ပထမရရှိခဲ့ကြောင်း သိရှိရသည်။ Challenger Section စစ်တုရင်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အားကစား သမား ၉၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Open Section စစ်တုရင်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ အားကစားသမား ၁၃၅ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ဂျပန်ဘုရင်က မဲခေါင်ဒေသနိုင်ငံများမှခေါင်းဆောင်များအားတည်ခင်းသည့် လက်ဖက်ရည်ဧည့်ခံပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ ဂျပန်ဘုရင် အကီဟီတိုက မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းသည့် လက်ဖက်ရည်ဧည့်ခံပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ လက်ဖက်ရည်ဧည့်ခံပွဲသို့ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ ဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Koichiro GEMBA နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှုတ်ဆက်

ဂျပန်ဘုရင် အကီဟီတိုသည် လက်ဖက်ရည်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား ရင်းနှီး ခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် ဂျပန်ဘုရင်က တက်ရောက်လာကြသူများအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ရင်းနှီးခင်မင်စွာနှုတ်ဆက်

လက်ဖက်ရည်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန်ဘုရင်အကီဟီတိုက ရင်းနှီးခင်မင်စွာနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲခေါင်ဒေသနိုင်ငံများမှခေါင်းဆောင်များအား ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် တိုကျိုမြို့ရှိ Imperial Hotel ၌ ကျင်းပသည့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့(Keidanren)နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (Japan Chamber of Commerce and Industry)တို့က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာစားပွဲသို့ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ကုန်သည်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် နေ့လယ်စာစားပွဲသို့ တက်ရောက်ရန် Imperial Hotel, Hikari Room သို့ ရောက်ရှိလာကြရာ ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ Mr. Hiromasa Yonekua နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Tadashi Okamura တို့က ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဂျပန်-မဲခေါင်ဒေသတွင်း စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက် ခိုင်မာပါစေကြောင်း ဆုတောင်းပတ္ထနာပြုသည်။

ယင်းနောက် မဲခေါင်ဒေသနိုင်ငံများမှခေါင်းဆောင်များ၊ ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ကုန်သည်ကြီးများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုကျိုမြို့ရှိ Imperial Hotel ၌ ကျင်းပသည့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့က တည်ခင်းဧည့်ခံသော နေ့လယ်စာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	နိုင်ငံတော်သီချင်း
၇း၀၅	တရားတော်
၇း၂၀	ဓမ္မပူဇာတေး
၇း၃၅	မျိုးချစ်တပ်မတော်
၈း၁၅	ဇာတ်လမ်းတို

ညပိုင်း

၄း၄၀	မွေးမြူသုတ
၄း၄၅	မြန်မာသံစဉ်ချိုနားဝင်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို**(အပိုင်း-၁၁)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - ကုန်သွယ်သုတ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၁၅) - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒယနှောင်ကြိုး**(အပိုင်း-၂၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဂျပန်နိုင်ငံဝန်ကြီးချုပ်က မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၀ ရက် ည ၇ နာရီတွင် တိုကျိုမြို့ အစိုးရဧည့်ဂေဟာ၌ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒက မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒက မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တက်ရောက်

ညစာစားပွဲသို့ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Katsuya Okada နှင့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် ညစာစားပွဲသို့ တက်ရောက်လာရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ညစာစားပွဲအခမ်းအနားတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များသည် မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရေကန်၌ ငါးများအား အစာကျွေးကြသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒနှင့် မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များ မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရေကန်၌ ငါးများအား အစာကျွေးစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တဖြည်းဖြည်းနီးလာပြီး၊ ပြီးခဲ့တဲ့နှစ်တွင် ပထမအကြိမ် အစည်းအဝေးလုပ်သည့်အချိန်ကစ၍ တစ်နှစ်ရှိခဲ့ပြီဖြစ်ကြောင်း။

ပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအောက်တွင် ဖွဲ့စည်းပေးထားသော ဆပ်ကော်မတီ (၁၃)ခု အနေဖြင့် တစ်နှစ်တာကာလလုပ်ငန်းပြီးစီးမှု၊ ပြင်ဆင်ထားရှိမှုအခြေအနေနှင့် တွေ့ကြုံလာရသည့် အခက်အခဲများ ဆန်းစစ်နိုင်အောင်နှင့် ပြိုင်ပွဲအတွက် ငွေကြေးသုံးစွဲမှုလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးနိုင်အောင် အစည်းအဝေး စတုတ္ထအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း။

အချိန်ကြာလာသည်နှင့်အမျှ လုပ်ငန်းပြီးစီးမှုမှာလည်း မြင့်တက်လာရမည်ဖြစ်ကြောင်း၊ ကျင်းပသည့်နေရာကို မြို့တော်ဖြစ်သော နေပြည်တော်၌ ပြိုင်ပွဲများအားလုံးလုပ်ရန် စီစဉ်ထားသော်လည်း အခြေအနေအရပ်ရပ်ကြောင့် ရက်၊ ပြိုင်ပွဲအလွန်ကာလမှာ အဆောက်အအုံ၊ အားကစားရုံ၊ အားကစားကွင်းများကို ပြိုင်ပွဲပြီးသည့်အခါ ပြန်လည်အသုံးချနိုင်ရေး၊ အကျိုးပြုနိုင်မှုကို သုံးသပ်ပြီး နေပြည်တော်အပြင် ရန်ကုန်၊ မန္တလေး၊ ငွေဆောင်စသည့်နေရာ ၄ နေရာခွဲလုပ်သွားမည်ဖြစ်ကြောင်း၊

ယခုဆွေးနွေးသည့် အချက်အလက်များအပေါ်မူတည်ပြီး ဆပ်ကော်မတီ (၁၃)ခုတို့က ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ပြန်လည်သုံးသပ်သွားဖို့ဖြစ်ကြောင်း။

ထို့ကြောင့် ဆပ်ကော်မတီအလိုက် ဦးဆောင်ကော်မတီ အဖွဲ့ဝင်များကပါ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘဏ္ဍာရေးလိုအပ်ချက်များ၊ ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီမှ ဆုံးဖြတ်ပေးရန်အချက်များ၊ သင့်တော်သည့်အကြံဉာဏ်များ တင်ပြဆွေးနွေးကြရန်နှင့် အားကစားဝန်ကြီးဌာနကို Focal ministry ထားပြီး ဆပ်ကော်မတီများအားလုံး၏အခက်အခဲများကို လိုအပ်သလို ညှိနှိုင်းဖြေရှင်းပေးသွားကြရန်နှင့် ဦးဆောင်ကော်မတီသို့ တစ်ခုချင်းစီအလိုက် အမြန်ဆုံးတင်ပြသွားကြရန်တို့ကို ပြောကြားသည်။



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဆပ်ကော်မတီ(၄)ခု၏ ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆပ်ကော်မတီ၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆပ်ကော်မတီ၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆပ်ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဆပ်ကော်မတီ၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာငွေသုံးစွဲရန် ငွေကြေးလျာထားချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အားကစားပြိုင်ပွဲကျင်းပရေး ဦးဆောင်ကော်မတီ ***စာမျက်နှာ ၉ ကော်လံ ၄ သို့***

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
မေးခွန်း (၄)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့်ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **သပိတ်ကျင်းမြို့နယ် ဖော့တောဂိတ်အား လက်ရှိနေရာမှ ပေတစ်ရာခန့်ဝေးသော မိုးကုတ်သွားလမ်းအဝတွင်ရွှေ့ပြောင်းပေးနိုင်ခြင်း ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဖော့တောဂိတ်သို့ဖြတ်သန်းဝင်ရောက်လာသော နိုင်ငံခြားသားများအား ကန့်သတ်နယ်မြေသို့မသွားရောက်စေရန်အတွက် စနစ်တကျစိစစ်မှုပြုခဲ့ရာ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ပါရှိသူများအား ၁-၁-၂၀၁၁ရက်မှ ၂၉-၂-၂၀၁၂ရက်အတွင်း မန္တလေးမြို့မှ မိုးကုတ်မြို့သို့(၁၀၅၀)၊ မိုးကုတ်မြို့မှ မန္တလေးမြို့သို့ (၂၁၆၄)ဦးတို့အား ဝင်/ထွက်မှု ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဖော့တော စစ်ဆေးရေးဂိတ်သည် ဝင်လာသမျှ လူအားလုံးကို တားမြစ်သောဂိတ်မဟုတ်ဘဲ ပြည်ထဲရေးဝန်ကြီးဌာန၏ တည်ဆဲကန့်သတ်နယ်မြေအမိန့်နှင့်အညီ တားမြစ်ထားသော နယ်မြေဇရိယာများသို့ သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် သွားလာခြင်းဟုတ်/မဟုတ်ကို ဖော့တောဂိတ် တာဝန်ကျဌာနစုံ ပူးပေါင်းအဖွဲ့ဝန်ထမ်းများကစစ်ဆေးပြီး ခွင့်ပြုချက်ပါရှိပါက သွားလာခွင့်ပြုသည့်ဂိတ်ဖြစ်ပါကြောင်း။

စဉ်းစားဆောင်ရွက်

လက်ရှိအခြေအနေတွင် ဖော့တောစစ်ဆေးရေးဂိတ်မှ သပိတ်ကျင်းမြို့နယ်သို့ လည်းကောင်း၊ မိုးကုတ်မြို့နယ်သို့လည်းကောင်း ကြိုတင်ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသားများကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အခက်အခဲတစ်စုံတစ်ရာ မရှိသည်ကိုသိရှိရပါကြောင်း၊ တိုင်းဒေသကြီးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာတွင်လည်း လက်ရှိအတိုင်းအဆင်ပြေလျက်ရှိကြောင်း သဘောထားမှတ်ချက်ပေးခဲ့ပါကြောင်း၊ လက်ရှိနေရာမှ ပေ(၁၀၀)ခန့်ဝေးသော မိုးကုတ်သွားလမ်းအဝသို့ပြောင်းရွှေ့ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း၊ သို့ရာတွင် တင်ပြချက်အား အလေးထားသောအားဖြင့် တကောင်းမြို့ဟောင်းအပေါ် စိတ်ဝင်စားမှု၊ တကောင်းလမ်း ပြုပြင်ပြီးစီးမှု စသည့်အခြေအနေများအပေါ် မူတည်၍ သင့်လျော်သည့်အချိန်တွင် ဂိတ်နေရာ ပြောင်းရွှေ့ရေးကို ပြန်လည်စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၉ တွင် အများပြည်သူအကျိုးအတွက် နိုင်ငံတော်ကဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခြင်းကို တားမြစ်သည်ဟုပါရှိသည့်အတိုင်း ယင်းပုဒ်မပါပြဋ္ဌာန်းချက်အား ဝန်ကြီးဌာနအသီးသီးက မည်ကဲ့သို့လိုက်နာဆောင်ရွက်မည်၊ ပြည်သူလူထုအတွင်း အဓမ္မခိုင်းစေမှုဖြစ်ပွားပါက မည်သို့တိုင်ကြား ဆောင်ရွက်ရမည်နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိမိတို့စိုက်ပျိုးလိုသောသီးနှံကို စိုက်ပျိုးခွင့်မပေးခြင်းတို့နှင့် ပတ်သက်၍သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက အဓမ္မခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉၏ အပိုဒ် ၂(၁)တွင် "အဓမ္မခိုင်းစေမှုဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှမဆို ကာယကံရှင်၏ဆန္ဒအလျောက် ကမ်းလှမ်းခြင်း မဟုတ်ဘဲ အကျိုးစီးပွားထိခိုက်ဆုံးရှုံးစေမည်ဟုခြိမ်းခြောက်၍ ထိုသူ၏လုပ်အားကို အတင်းအကျပ်ရယူသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုအားလုံး အကျုံးဝင်ပါကြောင်း"ဟု ဖော်ပြထားပါကြောင်း။

ဖော်ပြထား

သို့ရာတွင် ပြဋ္ဌာန်းချက်၏အပိုဒ် ၂(၂)တွင် စစ်မှုမထမ်းမနေရဥပဒေများအရ စစ်ရေးစစ်ရာနှင့်သာ သီးခြားသက်ဆိုင်သောအလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စသည်များ၊ တရားဥပဒေအရ ပြစ်ဒဏ်ကျခံရသည့် မည်သည့်ပုဂ္ဂိုလ်ထံမှမဆို မည်သည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းမဆို ထမ်းဆောင်ရန် လုပ်အားရယူခြင်း၊ ထိုသို့ လုပ်အားရယူရာတွင် ပြည်သူ့အာဏာပိုင်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်သာ တာဝန်ထမ်းဆောင်စေပြီး ပြင်ပပုဂ္ဂိုလ်တစ်စုံတစ်ယောက်ထံသို့လည်းကောင်း၊ ကုမ္ပဏီများထံသို့လည်းကောင်း၊ အဖွဲ့အစည်းများထံသို့လည်းကောင်း ငှားရမ်းလုပ်ကိုင်မှုမပြုရခြင်း၊ ပြည်သူလူထုတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံး၏နေထိုင်မှုဘဝ သို့မဟုတ် ဘဝရပ်တည်မှုကို အန္တရာယ်ဖြစ်စေသည့် စစ်ဖြစ်ပွားနေစဉ်ကာလ၌သော်လည်းကောင်း၊ မီးဘေး၊ ရေဘေး၊ အငတ်ဘေး၊ ငလျင်ဘေး၊ ကူးစက်ရောဂါဘေး၊ တိရစ္ဆာန်နှင့်ပိုးမွှား သတ္တဝါများ နှောင့်ယှက်ဖျက်ဆီးမှုဘေးစသည့် ဘေးဒုက္ခဆိုက်ရောက်သော အရေးပေါ်အခြေအနေ၌လည်းကောင်း ကူညီဆောင်ရွက်ပေးရသည့် မည်သည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းမဆို ထမ်းဆောင်ခြင်း၊ လူမှုအဖွဲ့အစည်းများ၏ တိုက်ရိုက်အကျိုးစီးပွားအတွက် အဆိုပါလူမှုအဖွဲ့အစည်းဝင်များက ထမ်းဆောင်လျက်ရှိသည့် သာမန်နိုင်ငံသားတစ်ဦး၏ တာဝန်များအဖြစ် မှတ်ယူနိုင်သည့် လူမှုအဖွဲ့အစည်းဆိုင်ရာ သေးငယ်သော လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ထိုလုပ်ငန်းများ၏လိုအပ်ချက်နှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းဝင်များ သို့မဟုတ် ၎င်းတို့၏တိုက်ရိုက် ကိုယ်စားလှယ်များသည် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခွင့်ရှိခြင်း စသည့်ကိစ္စရပ်များသည် အဓမ္မခိုင်းစေမှု အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်အကျုံးမဝင်စေရပါဟု ဖော်ပြထားပါကြောင်း။

လိုက်နာဆောင်ရွက်

အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းဆိုသည်မှာ အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေသည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းတိုင်းသည် ယင်းတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်း ဖြစ်စေရမည့်အပြင် ဒေသခံပြည်သူများအပေါ် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အလေးထားဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ထိုသို့အရေးပေါ်အခြေအနေအတွက် တာဝန်ချထားရာတွင် အကျိုးသက်ရောက်သည့်နယ်မြေဒေသနှင့် အချိန်ကာလကို သတ်မှတ်ဖော်ပြရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ မဖြစ်မနေ ပါဝင်ဆောင်ရွက်ရန် လိုအပ်သောကာလသည် အရေးပေါ်အခြေအနေ၏လိုအပ်ချက်ထက် မကျော်လွန်စေရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခြင်းကို တားမြစ်သည်ဟုပါရှိသည့်အတိုင်း ဝန်ကြီးဌာနအသီးသီးက လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေအရ ထိရောက်စွာအရေးယူနိုင်သည့်အတွက် တရားရုံးသို့ ဦးတိုက်လျှောက်ထားပြီး တရားရုံး၏အဆုံးအဖြတ်ကို ခံယူရမည်ဖြစ်ပါကြောင်း။

တတိယမေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိနိုင်ငံတော်တွင် ထိုကဲ့သို့အလေ့အထမျိုးမရှိတော့ပါကြောင်း၊ ဥပဒေနှင့်အညီ ခွင့်ပြုချက်၊ တားမြစ်ချက်တို့မှတစ်ပါး ကိုယ်တိုင်စိုက်ပျိုးလိုရာကို စိုက်ပျိုးနိုင်ပါကြောင်း၊ မိမိစိုက်ပျိုးလိုရာကို စိုက်ပျိုးခွင့်မပေးမှုဖြစ်ပွားလာပါက တာဝန်ပေးစေခိုင်းသူကို တိုင်ကြားနိုင်သည်ဟု မှတ်ယူနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း၏ **မြို့ပြကျေးလက်ဒေသပညာရေး အဆင့်အတန်း ကွာဟမှု မရှိစေရေးအတွက် ပညာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ကျေးလက်ဒေသပညာရေးအား အလေးထားဆောင်ရွက်နိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာအရ နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများတွင် အခြေခံပညာကျောင်း စုစုပေါင်း၏ (၈၉)ရာခိုင်နှုန်းဖွင့်လှစ်ထားပြီး ဆရာ၊ ဆရာမဦးရေ၏ (၆၉)ရာခိုင်နှုန်းကျော်က ကျောင်းသား ဦးရေ၏ (၆၇)ရာခိုင်နှုန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ ကျေးလက်ဒေသကျောင်းများရှိ ပျမ်းမျှ ဆရာ၊ ကျောင်းသား အချိုးမှာ အထက်တန်းအဆင့်တွင် (၁း၂၃)၊ အလယ်တန်းအဆင့်တွင် (၁း၃၇)နှင့် မူလတန်းအဆင့်တွင် (၁း၂၆)ဖြစ်ပါကြောင်း။

ညောင်ဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

အလေးထားဆောင်ရွက်

လက်ရှိအခြေအနေတွင် ဆရာ၊ ကျောင်းသားအချိုးအရလည်းကောင်း၊ ဆရာ၊ စာသင်ခန်းအချိုးအရ လည်းကောင်း အခြေခံပညာကျောင်းတစ်ကျောင်းချင်းအလိုက် ဆရာအင်အားပြည့်ဝစွာဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ဆရာပိုနေသည့်ကျောင်းများမှ ဆရာလျော့နည်းနေသည့် ကျောင်းများသို့ ရာထူးနေရာများ ပြောင်းရွှေ့သတ်မှတ်ပေးနိုင်ရန် စိစစ်တွက်ချက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျောင်းသားဦးရေ တိုးတက်မှုအရ ထပ်မံခန့်ထားပေးရန် လိုအပ်သည့် ဆရာရာထူးနေရာများကို တိုးချဲ့ခန့်ထားခွင့်ရရှိရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေခံပညာကျောင်းအလိုက် ဆရာ၊ ကျောင်းသားအချိုးနှင့် ဆရာ၊ စာသင်ခန်းအချိုးတို့အရ သင့်တင့်မျှတစွာခန့်ထားရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆွေးနွေးညှိနှိုင်း

ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဖော်ဆောင်နိုင်ရန် အတွေ့အကြုံရှိသော ပညာရှင်များ၊ အဖွဲ့အစည်းများ ပါဝင်သည့် အမျိုးသားအဆင့် ပညာရေးနှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ပညာရေးမြှင့်တင်မှုအစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ပညာရည်စစ်ဆေးတိုင်းတာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်ကြီးများပါဝင်သည့် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ဧပြီလကုန်ပိုင်းတွင် ကျင်းပပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်အဆင့် ပညာရေးနှင့်ကျန်းမာရေး ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒရွေးချယ်ချမှတ်ရေးညီလာခံကို ကျင်းပပြုလုပ်ပြီး နိုင်ငံတကာ ဆောင်ရွက်မှု အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဖြစ်ပါကြောင်း။

ပြန်လည်ဖြေကြား

သို့ပါ၍ နိုင်ငံတကာနှင့်ပြည်တွင်းကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သည့် နိုင်ငံတော်အဆင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာညီလာခံကို ကျင်းပပေးခဲ့ပြီး လုပ်ငန်းကဏ္ဍအလိုက် လေ့လာဆန်းစစ်၍ မြှင့်တင်ဆောင်ရွက်နိုင်ရန်စီစဉ်ထားခြင်း၊ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပ၍ စီမံခန့်ခွဲမှုအဆင့်အလိုက် တာဝန်ရှိသူများက အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားခြင်းတို့ကြောင့် လောလောဆယ်တွင် အမျိုးသားအဆင့် ပညာရေးနှီးနှောဖလှယ်ပွဲတစ်ရပ်ကို ထပ်မံကျင်းပပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကအတည်ပြုဆုံးဖြတ်

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းသူ မရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များဖြစ်သည့် ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(ဂ)၊ အပိုဒ် ၃၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄(က၊ ခ)၊ အပိုဒ် ၅နှင့် အပိုဒ် ၉ တို့ကို လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဖတ်ကြားရှင်းလင်း

အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ယမန်နေ့ကတင်သွင်းခဲ့သော **၂၀၁၂ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီအတွင်းရေးမှူး ဒေါက်တာမြဦးက **၂၀၁၂ ခုနှစ် အခြေခံပညာရေး ဥပဒေကြမ်း**ကို တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ ဧပြီ ၂၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်ရပ်နားပြီး အစည်းအဝေး(၂၂)ရက်မြောက် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
အီတလီနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီများနှင့် ကော်မရှင်တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-အီတလီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် လွှတ်တော်ရေးရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်
အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

၂၀၁၂ခုနှစ် ဧပြီ ၂၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ထံမှ အစ္စရေးနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဗစ်ဒေါ လီဘာမန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြ…
အီတလီသမ္မတနိုင်ငံ နိုင်…

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်… ဌာနဝန်ကြီး H.E. Mr. Giuliomaria TERZI… ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌… ဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးအ…

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ…
ပဏာမလက်ရွေးစင်ရွေးချယ်ရေး စံချိန်ပ…

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ ASIA LIGHT SUPERMARKET က အဓိကကူညီ ပံ့ပိုးသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမ လက်ရွေးစင်ရွေးချယ်ရေး ရေကူးပြိုင်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီက ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်၌ ဆက်လက်ကျင်းပသည်။

အမျိုးသားသက်ကြီးတန်း မီတာ ၄၀၀အလွတ်ကူးပြိုင်ပွဲတွင် ထိန်လင်းစိုး စံချိန် ၄ မိနစ် ၅၇ ဒသမ ၈၀ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် အိအိသက်က စံချိန် ၅ မိနစ် ၁၃ ဒသမ ၀၃ စက္ကန့်၊ အမျိုးသား…

26-4 (08+09).pmd 1 4/26/2012, 2:29 AM

● *ကျောဖုံးမှ*

ပြန်လည်လိုက်ပါ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀	**အနာထပိဏ်ကျတဲ့မျက်ရည်** တရားတော် (ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ)
၂:၄၀	ရန်ကုန်မြင်ကွင်းကျယ် [YTP Dota Online Launching Championship ပြိုင်ပွဲအခမ်းအနား]
၄:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရင်ကွဲနာ**
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄)
၇:၂၀	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV-4 သတင်း
၈:၃၀	နေချင့်စဖွယ်အိမ်အလှဆင်ကြမယ် (ဆယ်မိုင်ကုန်းကအိမ်ကလေး)
၉:၂၀	Shoow Room (Part-14)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၁၈)
၁၀:၂၀	Korea City of Seoul is...Cusine
၁၁:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၄)
၁၁:၄၅	အနုပညာမိုးကောင်းကင်
၁၂:၀၅	နွေအလှပန်းချီတေးကိုသီ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Giuliomaria TERZI DI SANT' AGATA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ရေး စံချိန်ယူရေကူးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ ASIA LIGHT SUPERMARKET က အဓိကကူညီပံ့ပိုးသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ရေး ရေကူးပြိုင်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီက ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပသည်။

အမျိုးသားသက်ကြီးတန်း မီတာ ၄၀၀အလွတ်ကူးပြိုင်ပွဲတွင် ထိန်လင်းစိုး စံချိန် ၄ မိနစ် ၅၇ ဒသမ ၈၀ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် အိအိသက်က စံချိန် ၅ မိနစ် ၁၃ ဒသမ ၀၃ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ၂၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ဇင်မောင်ထက်က စံချိန် ၂ မိနစ် ၃၉ ဒသမ ၉၀ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၂၀၀ပက်လက်ကူးပြိုင်ပွဲတွင် ကေဇင်ဝင်းက စံချိန် ၂ မိနစ် ၄၅ ဒသမ ၀၉ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် မြတ်ခိုင်က စံချိန် ၂ မိနစ် ၅၇ ဒသမ ၃၅ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် အိအိသက်က စံချိန် ၃ မိနစ် ၀၀ ဒသမ ၅၃ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် မင်းသုခက စံချိန် ၀ မိနစ် ၂၆ ဒသမ ၁၀ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကေဇင်ဝင်းက စံချိန် ၀ မိနစ် ၂၉ ဒသမ ၉၂ စက္ကန့်၊ အမျိုးသားသက်ကြီးတန်း မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် မင်းသုခက စံချိန် ၀ မိနစ် ၂၈ ဒသမ ၂၃ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ကေဇင်ဝင်းက စံချိန် ၀ မိနစ် ၃၁ ဒသမ ၉၉ စက္ကန့်၊ အမျိုးသမီးသက်ကြီးတန်း မီတာ ၄၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် အိအိသက်က စံချိန် ၅ မိနစ် ၅၁ ဒသမ ၃၄ စက္ကန့်တို့က ပထမ အသီးသီးရရှိသွားကြသည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးဝဏ္ဏထွန်းနှင့်အမှုဆောင်များကဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် ပြိုင်ပွဲကို အဆိုပါ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပ

ဥပဒေကြမ်း(၁)ခုအား အတည်ပြုခြင်း၊ အဆို (၂)ခုအား အတည်ပြုခြင်းတို့ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၆)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အခန်း၊ အပိုဒ်အလိုက် ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို လွှတ်တော်၏အဆုံးအဖြတ်ကိုရယူပြီး အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်တင်သွင်းထားသည့် **"မြန်မာနိုင်ငံ စီးပွားရေးနှင့်အင်ဂျင်နီယာ ပညာရပ်ဖွံ့ဖြိုးတိုးတက်မှု (Economic And Engineering Development Of Myanmar) အတွက် အစီရင်ခံစာများပြုစုတင်ပြနိုင်ရေး၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ/ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ရန်နှင့် အဆင့်မြင့်လုပ်ငန်းကြီးကြပ်ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဉာဏ်လင်းတို့က အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Development Plan)ကို ကာလတိုနှင့်နှစ်ရှည်အတွက်ရေးဆွဲထားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ရေးဆွဲရာတွင် ကဏ္ဍများအလိုက်လည်း ပါရှိလာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လွန်ခဲ့သည့်နှစ်ပေါင်း(၆၀)ခန့်က ရေးဆွဲခဲ့သည့် KTL Plan (ပြည်တော်သာ စီမံကိန်း)ကို ကိုးကားနေကြရဆဲဖြစ်ကြောင်း၊ တစ်မျိုးသားလုံးနှင့် အကျုံးဝင်သည့် Myanmar Investment Master Plan ကိုလည်း ပြည်တွင်းပြည်ပပညာရှင်များဖြင့် ပေါင်းစပ်ရေးဆွဲရန်လိုအပ်ပါကြောင်း၊ ယခုအခါ ပြောင်းလဲလာသည့် နိုင်ငံတော်၏အခြေအနေအရ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု အများအပြားပြုလုပ်ရန်ရှိရာ Master Plan ရေးဆွဲထားခြင်းအားဖြင့် မိမိတို့ဘက်မှ အဆင်သင့်ရှိနေမည်ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် အင်ဂျင်နီယာပညာရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီရင်ခံစာများကို ပြည့်ပြည့်စုံစုံပြုစုထားရန်လိုအပ်ပါကြောင်း၊ ယင်းအစီရင်ခံစာများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က နှစ်(၃၀)မဟာစီမံကိန်း စတင်ရေးဆွဲစဉ်က ပြည်တွင်းရှိဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်ပညာရှင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များမပါဝင်ကြောင်း၊ ကွင်းဆင်း၍ အသေးစိတ်စစ်တမ်းကောက်ယူရန် အချိန်နှင့် ငွေကြေးလိုအပ်ချက်များကြောင့် ဝန်ကြီးဌာနများအနေဖြင့် အကောင်းဆုံးပြုစုခဲ့ကြသော်လည်း အသေးစိတ် ပြည့်စုံခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ အချို့ဝန်ကြီးဌာနများ၏ လုပ်ငန်းနယ်ပယ်များမှာလည်း ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၁၀)နှစ်အတွင်း မူဝါဒလုပ်ငန်းစဉ်များ များစွာပြောင်းလဲကွာခြားသွားပါကြောင်း။

ယခုအစိုးရသစ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ နှစ်(၃၀) မဟာစီမံကိန်းကို ခေတ်ကာလ အခြေအနေနှင့်လိုက်လျောညီထွေရှိသည့် အမျိုးသားစီမံကိန်းမူဝါဒများနှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲစေလျက် ရှိပါကြောင်း၊ ထို့အပြင် ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့၏ ဒေသန္တရစီမံကိန်းတို့ကိုလည်းရေးဆွဲလျက်ရှိရာ ပြည်တွင်းပြည်ပကျွမ်းကျင်မှု အကူအညီများစွာ လိုအပ်ပါကြောင်း၊ အလားတူ လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှုလက်မှုသတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စွမ်းအင်၊ လျှပ်စစ်၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စသည့်ကဏ္ဍအသီးသီး၌လည်း ယခင်က အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကိုသာ ဦးစားပေးတွက်ချက်ရာမှ နိုင်ငံတော်၊ ဒေသနှင့်ပြည်သူတို့အတွက် အမှန်တကယ်လိုအပ်သောစီမံကိန်းများကို စီးပွားရေးတွက်ခြေကိုက်မှုနှင့် လူမှုစီးပွားရေးလိုအပ်ချက်အရ အမျိုးသား အကျိုးစီးပွားအတွက် စဉ်းစားတွက်ချက်ရေးဆွဲရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ကျွမ်းကျင်သူပညာရှင်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများက အကူအညီများပေးအပ်ရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှုများရှိလာခဲ့ရာ အချို့ဝန်ကြီးဌာနများက နိုင်ငံတကာမှ ကျွမ်းကျင်မှုများရရှိရေး စတင်ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)အကူအညီဖြင့် ကျွမ်းကျင်ပညာရှင်များက အမျိုးသားစီမံကိန်းရေးဆွဲရာတွင် 1986 System of National Account စနစ်မှ 1993, 2008 System of National Account စနစ်သို့ ပြောင်းလဲကျင့်သုံးရေးအတွက် နိုင်ငံခြားကျွမ်းကျင်သူများဖြင့် လေ့ကျင့်သင်တန်းပေးလျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စူးစမ်းလေ့လာမှုကို ပြည်တွင်းပညာရှင်များအပြင် နိုင်ငံခြားကျွမ်းကျင်သူ အတိုင်ပင်ခံအဖွဲ့အား ငှားရမ်းဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂကုန်သွယ်မှုနှင့်ဖွံ့ဖြိုးမှုအဖွဲ့ (UNCTAD)သို့ ဆက်သွယ်အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Industrial Development Plan) ရေးဆွဲရေးအတွက်လည်း နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ အမျိုးသားစီမံကိန်းတွင် ကဏ္ဍစီမံကိန်းနှင့်ဒေသန္တရစီမံကိန်း အလုံးစုံပါဝင်ကြောင်း၊ စီမံကိန်းလေ့လာသုံးသပ်ချက် Comprehensive Plan ရေးဆွဲရေးအတွက် ညှိနှိုင်းဆဲဖြစ်ပြီး မကြာမီဆွေးနွေးရန်ရှိပါကြောင်း။

ဖွဲ့စည်းဆောင်ရွက်

စီမံကိန်းအဆင့်မြင့် လုပ်ငန်းကြီးကြပ်ညှိနှိုင်းမှုကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန်ကိစ္စနှင့်စပ်လျဉ်းပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် "အမျိုးသားစီမံကိန်းကော်မရှင်"ကို ဝန်ကြီးချုပ်ခေါင်းဆောင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် "အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့"ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင် "အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့"ကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၉ အရ ဘဏ္ဍာရေးကော်မရှင်ကို ဖွဲ့စည်းထားသော်လည်း စီမံကိန်းကော်မရှင်ဖွဲ့စည်းဆောင်ရွက်ရန် မပါဝင်သည်ကိုတွေ့ရပါကြောင်း၊ အမျိုးသားစီမံကိန်းဆိုင်ရာ ကိစ္စအတွက် အမျိုးသားစီမံကိန်းကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများအပေါ်တွင် ပိုမိုအလေးထားကြီးကြပ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ထောက်ခံဆွေးနွေးစဉ်။
(သတင်းစဉ်)

လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း တင်သွင်းထားသည့် **"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ၄၂၆၊ ၄၂၇ တို့၏ ပြစ်မှုပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်း သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က နိုင်ငံတော်သစ်တွင် တရားဥပဒေစိုးမိုးရေးသည် အထူးအရေးကြီးပါကြောင်း၊ ခေတ်စနစ်နှင့် လျော်ညီသည့် ဥပဒေများ ပေါ်ပေါက်လာရန်၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိတော့သည့် ပြစ်မှု၊ ပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းရန်နှင့် ဥပဒေများကို လေးစားလိုက်နာကြရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ရန်အတွက် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ကျိုးကြောင်းဖော်ပြချက်တို့ကို ၁၆-၁၁-၂၀၁၁ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၀-၂-၂၀၁၂ ရက်တွင် အဆိုပါဥပဒေ(မူကြမ်း)အပေါ် အကြံပြုချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ ယင်းအကြံပြုချက်များနှင့်အညီ လိုအပ်သည်များကို ပြင်ဆင်ရေးဆွဲ၍ ၁၂-၃-၂၀၁၂ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ (မူကြမ်း)တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇၊ ၄၂၆နှင့်၄၂၇ ပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင်ထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အပြီးသတ်စိစစ်အကြံပြုချက်များ ပြန်လည်ရရှိသည့်အခါ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကိုအတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင်ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်း(၁)ခုအား အတည်ပြုခြင်း၊ အဆို (၂)ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

နှင့် ဆပ်ကော်မတီများမှ အကြံပြုဆွေးနွေးကြသည့်အတိုင်း နိုင်ငံတစ်နိုင်ငံတွင် ယခုကဲ့သို့ ကြီးကျယ်သည့် အားကစားပြိုင်ပွဲကျင်းပလျှင် နိုင်ငံ၏ဂုဏ်၊ နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပေါ်လွင်အောင်ပြသရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ယခုကဲ့သို့ ကြီးကျယ်သည့် အားကစားပြိုင်ပွဲကို အောင်မြင်အောင်ကျင်းပရန် အရည်အချင်းရှိကြောင်း၊ အားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ လာရောက်ကြမည်ဖြစ်၍ အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်၍ ကျန်ရှိနေသည့်အချိန်ကာလအတွင်း မိမိတို့တတ်နိုင်သမျှကို မိမိတို့တတ်နိုင်သလောက် အဘက်ဘက်မှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမအတွင်းပြသထားသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အသုံးပြုမည့် အမှတ်တံဆိပ်နှင့် ဆုတံဆိပ်နမူနာများ၊ အမှတ်တံဆိပ်ပါ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား UNHCR ဌာနေကိုယ်စားလှယ်နှင့် ပြင်သစ်နိုင်ငံသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Johannes Gerhard Ten Feld သည် ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း **(ယာပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU သည် ညနေ ၃ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီးသည် UNHCR ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူသားချင်းစာနာသော ထောက်ပံ့ကူညီမှုများ တိုးမြှင့်ပေးအပ်နိုင်ရေးနှင့် ရွှေ့ပြောင်းရွှေ့ရှောင် မိသားစုများ ပြန်လည်နေရာချထားရေးကိစ္စရပ်များကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခြေအနေများ၊ နိုင်ငံတကာအကူအညီများ တိုးမြှင့်ပေးအပ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၅ ရက်က ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် အစ္စရေးနိုင်ငံ၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Yaron Mayer က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ စနစ်တကျလိုက်နာ လုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၅

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ (၂/၂၀၁၂) တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာန(၃၁)ခု၊ အခြားဌာနကြီး(၄)ခုတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများမှ တင်ပြသည့် အမှာစာများကို စိစစ်ရာတွင် လုပ်ငန်းများအချိန်မီပြီးစီးရန်နှင့် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ဝန်ကြီးဌာနအသီးသီးမှ တည်ဆောက်သောလုပ်ငန်းများအား စစ်ဆေးရာတွင်အင်ဂျင်နီယာဒီဇိုင်း၊စံချိန်စံညွှန်းနှင့်ဒေသပေါက်ဈေးနှုန်းတို့နှင့်အညီ ကိုက်ညီမှုရှိမရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ကြုံရမည့်အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို စုပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးတို့ကို ဝန်ကြီးဌာနများအနေဖြင့် ခြိုးခြံချွေတာ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အသုံးပြုရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ လိုက်နာရန်လိုကြောင်းနှင့် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြ ဆွေးနွေးသွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ဝန်ကြီးဌာနများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ ယခင်နှစ်က အတွေ့အကြုံများကို ယူပြီး ယခုနှစ်တွင် တိုးတက်အောင် ဆောင်ရွက်သွားရန်၊ ဘဏ္ဍာရေးသုံးစွဲမှုအပိုင်းတွင်လည်း စနစ်တကျ စိစစ်သုံးစွဲရန်၊ လုပ်ငန်းအခက်အခဲရှိပါက တင်ပြ၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရာတွင် ဒေသပေါက်ဈေးနှုန်း၊ စံချိန်စံညွှန်း၊ အင်ဂျင်နီယာနည်းပညာအရ သတ်မှတ်ထားသည့် အချက်(၃)ဖြင့် ကိုက်ညီအောင် စိစစ်ဆောင်ရွက်ရမည့်အခြေအနေ၊ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဝန်ကြီးဌာန(၃၁)ခုနှင့် အခြားဌာနကြီး (၄)ခုတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ဝန်ကြီးဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) (ဒုတိယနေ့) အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၂၅

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၁၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ စိစစ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ ၂၀၁၂ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်၏ အတည်ပြုချက် အတည်ပြုခြင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသော ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုခြင်း၊ ယင်းကော်မတီသုံးရပ်၏ သက်တမ်းကို တစ်နှစ် ယာယီထပ်မံတိုးမြှင့်ရန်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ ကျင်းပခဲ့ပြီးသော ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများတွင် လွှတ်တော်တွင်းဆောင်ရွက်ချက် အကျဉ်းများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြခြင်းများဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်စွာ ပြီးမြောက်ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ကျောက်မဲမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေးနှင့် အမှုဆောင်အသစ်ရွေးချယ်ပွဲကို ကျောက်မဲမြို့ ဗဟိုဈေးကြီး အပေါ်ထပ်ရှိ စာပေအလင်းစာကြည့်တိုက်တွင် ဧပြီ ၂၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင် အမှာစကားပြောကြားစဉ်။ (ဝ၉ဝ)

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ အလင်းဝင်ရောက်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစိုက်မတ်မတ် ထိထိရောက်ရောက် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။

တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းလျက် သတင်းဖော်ထုတ် ပိတ်ဆို့ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ မူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ထိတွေ့မှု (၃)ကြိမ် ဖြစ်ပွားခဲ့သည်။ စိုင်းနော်ခမ်းအဖွဲ့အနေဖြင့် အဖွဲ့ငယ်များခွဲ၍ ထွက်ပြေးလျက်ရှိရာမှ ၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက်တွင် အိုက်ထွန်း ခေါင်းဆောင်သော အင်အား ရှစ်ဦးသည် လက်နက်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၁၆၃ တောင့်၊ ဗုံးသီး ၁၁ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ တာချီလိတ်နယ်မြေ မိမိတပ်မတော်တပ်စခန်းသို့ ဆက်သွယ်၍ အလင်းဝင်ရောက်ခဲ့သည်။

အဆိုပါအဖွဲ့အား တပ်မတော်မှ ၎င်းတို့ မိသားစုဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ ဧပြီ ၂၅ ရက် ညနေ ၃ နာရီခန့်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်ကြိုးများပြတ်ကျခြင်း၊ အဆောက်အအုံအချို့ပြိုလဲခြင်း၊သွပ်မိုးများလန်ခြင်းများ ဖြစ်ပွားခဲ့ရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သစ်ပင်များ ပြိုလဲနေသည်ကို တွေ့ရစဉ်။ (ဝ၂၁)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဘဝအမောပြေ

ဒီလိုပါ | **အာကာဟိန်း-ရေးသားသည်**

တရားခွင်တစ်ခု၌ တရားသူကြီးက တရားခံသူခိုးတစ်ဦးအား မေးမြန်းလေသည်။

တရားသူကြီး - **မောင်မင်း…ဟိုတစ်ကြိမ်ကလည်း ဒီတရားရုံးရောက်ပြီး ပြစ်ဒဏ်ချမှတ်ခံရဖူးတယ် မဟုတ်လား။**

သူခိုး - ဟုတ်ပါတယ် တရားသူကြီးမင်း။

တရားသူကြီး - **အဲဒီတုန်းက မောင်မင်းကို ကျုပ်ဘာပြောလိုက်လဲမှတ်မိလား။**

သူခိုး - ဟုတ်ကဲ့ပါ။

တရားသူကြီး - **ဒီတရားရုံးကို နောက်ထပ်တရားခံအဖြစ် ရောက်မလာနဲ့တော့လို့ ပြောလိုက်တယ်လေ။**

သူခိုး - ဟုတ်ကဲ့။

တရားသူကြီး - **ဒါဆို…ဘာဖြစ်လို့ တရားခံအဖြစ် ပြန်ရောက်လာတုန်း ပြောစမ်း။**

သူခိုး - ကျွန်တော်အိမ်တစ်အိမ်က ပစ္စည်းခိုးပြီးပြန်အထွက်. . . လမ်းမှာ ရဲတွေလာဖမ်းပါတယ်။ ကျွန်တော်က တရားသူကြီးပြောစကားကို သူတို့ကို သေသေချာချာပြောပြပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေက လုံးဝနားမထောင်လို့ အခုလိုဖြစ်ရတာပါ။

တရားသူကြီး - **"ဟေ"။**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ လူနေရပ်ကွက်အမှတ် စော်ဘွားကြီးကုန်း၊ မြေကွက်အမှတ်-၁/စ^က၊ ဧရိယာ ၆၄ဒသမ၇၂၄ ဧက အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၇၄ပေ×အနံ ပေ ၉၀)ရှိ ဂရန်လျှောက်ထားခွင့်ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ ပြည်လမ်း၊ အမှတ် ၁၂၉ ဟုခေါ်တွင်သော အုတ်ညှပ်နှစ်ထပ်တိုက် တစ်လုံး၊ အိမ်သုံးလျှပ်စစ်မီတာ နှစ်လုံး၊ ရေမီတာ တစ်လုံး၊ ကြိုးဖုန်းတစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သိန်းရီ ၁၂/အစန(နိုင်)၀၅၆၂၃၆ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်နှင်းဝေ (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၃၂)

ဦးသိန်းမြင့် (ဝိဇ္ဇာဘွဲ့)ဥပဒေ၊ဥပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၄၆)

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၁၁၉၀၄ ဖုန်း-၀၉-၇၃၀၅၉၉၅၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ ၃ လမ်း၊ မြေကွက်အမှတ် ၂၄၂/က ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိ ဒေါ်မီမီထွေး ၁၃/လရန(ညေ့) ၀၀၀၁၉၉ အမည်ပေါက် ပါမစ်မြေအား လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟုဆိုလာသူ ဒေါ်ညိုညိုသန်း ၁၃/တကန(နိုင်)၁၃၄၈၂၆ ထံမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်းအား ကျွန်ုပ်က ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းထွေး၁၂/အလန(နိုင်)၀၁၁၄၉၂
၂၃၂၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၅၆၇၅၁

အမည်ပြောင်း

ဦးမျိုးဝင်း၏သမီး ရန်ကုန်မြို့၊ အထက(၂)လသာ ဒုတိယတန်း(A)တွင် ပညာသင်ကြားခဲ့သော မအေးချမ်းမြင့်မိုရ်အား မအေးချမ်းမြင့်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းမြင့်လွင်

အမည်ပြောင်း

အေလာမြို့၊ အထက(၅)အေလာ၊ အဋ္ဌမတန်း(C)မှ ဦးမျိုးသန့်ဇင်ထွန်း ၉/လဝန(နိုင်)၁၀၈၁၃၈၏သား မောင်ပြည့်ဖြိုးထွန်း ၉/လဝန(နိုင်) ၂၄၆၅၄၉ အား မောင်ပြည့်သူထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပြည့်သူထွန်း

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်း(၂၉)၊ မင်းလမ်းသွယ်၊ မြေကွက်အမှတ်(၂၆၆)၊ အကျယ်ပေ (၆၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင်ဖြစ်သူ ဗိုလ်မှူးကြီး မောင်မောင်လေး(ငြိမ်း) ၁၂/ဒဂန(နိုင်)၀၁၂၅၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ်(၂၂၂/၂/၃၁)၊ စံပယ်လမ်း၊ ရွှေပြည်သာမြို့
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆၊ ၀၁-၆၁၀၄၄၁

အမည်ပြောင်း

ဦးဝင်းမြင့်၏သား ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့် ရေးအထက်တန်းကျောင်း Grade-5(D) တွင် ပညာသင်ကြားနေသော မောင်စွမ်းရည်အား စွမ်းရည်ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

အလက(၃) ဒဂုံ(တောင်) တက္ကသိုလ်ဝင်တန်း(C)မှမောင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်သန်း ၁၄/ကလန(နိုင်)၀၈၅၇၇၅၄ ဖြစ်ပါသည်။

ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဧပြီ ၂၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကျင်းပသော ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက သဃ်န်းကျွန်းမြို့နယ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးညဏ်ထွန်း၊ Myanmar berewery Ltd. မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမောင်မောင်စိန်(ငြိမ်း) တို့က အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားနည်းနာယက ဒေါ်သက်သက်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်(လ်)ခွန်းရီ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အလွတ်တန်း၊ အငယ်တန်း၊ နှစ်ယောက်တွဲ ရှုံးထွက်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ (၆)ရပ်ကွက်နေ ကျွန်တော် ဦးမောင်မြ ၇/ပတန(နိုင်)၁၂၈၈၃၇ ကိုင်ဆောင်သူသည် သမီး မစုစု ၇/ပတန(နိုင်)၁၂၈၇၅၄ ကိုင်ဆောင်သူအား ၂၄-၄-၂၀၁၂ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု၊ မြို့ကလေးမူလတန်းကျောင်း စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဝသုန်စိုး(ခ) မောင်ဝသုန်ထွန်း၏ မိဘအမည်မှာ ဦးစိုးဝင်း-ဒေါ်နွယ်နွယ်ဝင်း ဖြစ်ပါကြောင်း။

ဦးစိုးဝင်း-ဒေါ်နွယ်နွယ်ဝင်း

ဇီဝိတဒါန ငါးလွှတ်ပွဲ

ရွှေပြည်သာမြို့နယ် သမိုင်းဝင် သာစုကန် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနှစ်ဆန်း တစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက်က သာစုကန်၌ ကျင်းပစဉ်။ (၁၆၆)

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မြို့တော်ခန်းမ၌ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) က သက်ကြီးပူဇော်ပွဲ ကျင်းပရာ သက်ကြီးဘိုးဘွား ၁၆၇ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း ဦးဆောင်၍ ကန်တော့ပစ္စည်းများနှင့် အလှူငွေများကို ဘိုးဘွားများထံ ပေးအပ်လှူဒါန်းကြစဉ်။ (မြို့နယ် ထွေ/အုပ်)

26-4 (11).pmd 1 4/26/2012, 2:29 AM

ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင် ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင် ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

အာကာဟိန်း–စုစည်းသည်

နိုင်ငံတကာအာကာသယာဉ်စခန်း၌ စက်ရုပ်လက်တံအသုံးပြုနေ

ဝါရှင်တန် ဧပြီ ၂၅

နိုင်ငံတကာအာကာသယာဉ်စခန်းတွင် အသုံးပြုနိုင်ရန်အတွက် လူသားတစ်ဦး၏လက်တစ်ဖက်ကဲ့သို့ စက်ရုပ်လက်တံတစ်ခုကို နာဆာမှပေးပို့ခဲ့ရာ အာကာသယာဉ်မှူးများအတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် အထောက်အကူပြုလျက်ရှိကြောင်း နာဆာမှ ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါစက်ရုပ်လက်တံ **(ဝဲပုံ)** ကို ၂၀၁၁ ခုနှစ်မှစတင်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအာကာသယာဉ်စခန်းအတွက် အထူးတီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းစက်ရုပ်လက်တံကို ဂျင်နရယ်မော်တာ၊ နာဆာမှ အင်ဂျင်နီယာများနှင့် သိပ္ပံပညာရှင်များက ပူးတွဲထုတ်လုပ်ခဲ့ခြင်းလည်းဖြစ်သည်။

၎င်းစက်ရုပ်လက်တံသည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ စက်ကိရိယာများ အစားထိုးပြင်ဆင်ရေး၊ နိုင်ငံတကာအာကာသယာဉ်စခန်း၏ အစိတ်အပိုင်းများပြုပြင်ရေးနှင့် အာကာသယာဉ်မှူးများ၏လုပ်ငန်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်အောင် ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတကာအာကာသယာဉ်စခန်း၌ လုပ်ငန်းများကို အောင်မြင်စွာဖြင့် ၎င်းစက်ရုပ်လက်တံက လုပ်ကိုင်ပေးလျက်ရှိကြောင်း နာဆာမှသတင်းထုတ်ပြန်သည်။ **(အင်တာနက်)**



သဘာဝကုန်ကြမ်းဖြင့် ပြုလုပ်ထားသည့် အော်ဂဲနစ်ဆိုလာပြားများ ထုတ်လုပ်ရန်စီစဉ်

တိုကျို ဧပြီ ၂၅

သဘာဝကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်ထားသော အလွန်ပါးလွှာသည့် အော်ဂဲနစ်ဆိုလာပြားများကို အနာဂတ်ကာလတွင် အသုံးပြုနိုင်ရေးအတွက် ဂျပန်သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

အဆိုပါ အော်ဂဲနစ်ဆိုလာပြား **(အပေါ်ပုံ)** သည် ဖလင်ပြားတစ်ခုကဲ့သို့ ကွေးနိုင်၊ ခေါက်နိုင်ပြီး စာရွက်တစ်ရွက်ကဲ့သို့ပေါ့ပါးကာ သယ်ယူလွယ်သော ဆိုလာပြားအမျိုးအစားဖြစ်သည်။ သို့သော် အော်ဂဲနစ်ဆိုလာပြား၏ အားနည်းချက်မှာ ဆီလီကွန်ဖြင့် ပြုလုပ်ထားသော ဆိုလာပြားများကဲ့သို့ ကြာရှည်မခံခြင်းပင်ဖြစ်သည်။

၎င်းအော်ဂဲနစ်ဆိုလာပြားကို နာနိုနည်းပညာဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကုန်ကျစရိတ်မှာ ဆီလီကွန်ဆိုလာပြားထက် ဈေးနှုန်းသက်သာသည်။ ၂၀၀၈ ခုနှစ် ကတည်းက အော်ဂဲနစ်ဆိုလာပြားများ ထုတ်လုပ်ရန် လေ့လာသုတေသနပြုမှုများ ပြုလုပ်ခဲ့ပြီး စမ်းသပ်မှုများလည်း စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အော်ဂဲနစ်ဆိုလာပြားကို ထုတ်လုပ်ရာတွင် သဘာဝပေါက်ပင်များနှင့် သတ္တဝါတို့၏ ရုပ်ကြွင်းများမှ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုကာ ဂျပန်သိပ္ပံပညာရှင်များက နာနိုနည်းပညာဖြင့် စမ်းသပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အော်ဂဲနစ်ဆိုလာပြားများကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နေစွမ်းအင်ရယူရေးစခန်း၌ စတင်စမ်းသပ်အသုံးပြုလျက်ရှိသည်။ **(အင်တာနက်)**

အနာဂတ်ကာလ၌ လျှပ်စစ်ဝိုင်ယာကြိုးများတွင် ပလတ်စတစ်နန်းမျှင်များ အသုံးပြုမည်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၅

အနာဂတ်ကာလတွင် လျှပ်စစ်ဝိုင်ယာကြိုးများနေရာ၌ အစားထိုးအသုံးပြုနိုင်ရန်အတွက် ပလတ်စတစ်မှ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ပလတ်စတစ်နန်းမျှင်ကြိုးများဖြင့် အစားထိုးနိုင်ရေးကို အမေရိကန်သိပ္ပံပညာရှင်များက စီစဉ်နေပြီဖြစ်သည်။

လျှပ်စစ်စီးကြောင်းကို ခံနိုင်ရည်ရှိပြီး ဓာတ်အားဖြတ်သန်းစီးဆင်းချိန်၌ ဓာတ်အားလျော့နည်းဆုံးရှုံးမှုမရှိစေရန်အတွက်လည်း ပလတ်စတစ်နှင့်အခြားသတ္တု အမျိုးအစားနှစ်မျိုးကို ရောစပ်အသုံးပြုသွားရန်လည်း စီစဉ်လျက်ရှိသည်။ ကြေးနန်းကြိုးထက် အရည်အသွေးပိုမြင့်မားပြီး ခံနိုင်ရည် ၃၀ ရာခိုင်နှုန်းပိုမိုမြင့်မားသော ပလတ်စတစ်နန်းမျှင်ကြိုးနမူနာများကို ဧပြီ ၂၂ ရက်က လော့စ်အိန်ဂျလိစ်မြို့၌ ပြည်သူများအား ခင်းကျင်းပြသခဲ့သည်။ **(အပေါ်ပုံ)**

အမေရိကန်နိုင်ငံ ဒူဒင်သုတေသနအဖွဲ့မှ ပညာရှင်များက ပလတ်စတစ်နန်းမျှင်များဖြင့် လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းမှုအနေအထားနှင့် လျှပ်စစ်မီးချောင်း၊ မီးသီးနှင့် လျှပ်စစ်ပစ္စည်းများအပေါ် ဓာတ်အားစွမ်းအင် အပြည့်ပေးနိုင်မှု ရှိ မရှိကိုလည်း စနစ်တကျအသေးစိတ်သုတေသနပြုခဲ့ကြသည်။ အနာဂတ်ကာလတွင် စက်မှုလုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများတွင် ပလတ်စတစ်နန်းမျှင်များဖြင့် ပြုလုပ်ထားသော ဝိုင်ယာကြိုးများကို အစားထိုးသုံးစွဲနိုင်မည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံသုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်

Intel ချစ်ပြားသုံးစမတ်ဖုန်း အိန္ဒိယဈေးကွက်၌ စတင်ရောင်း

နယူးဒေလီ ဧပြီ ၂၅

ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Intel က ၎င်း၏ Processor ကိုအသုံးပြုလျက် ပထမဆုံး စမတ်ဖုန်းကို အိန္ဒိယဈေးကွက်တွင် ရောင်းချနေပြီဖြစ်ကြောင်း ဧပြီ ၂၄ ရက်က သတင်း၌ ဖော်ပြသည်။ **(ဝဲပုံ)**

အောင်မြင်ခဲ့

အဆိုပါ စမတ်ဖုန်းကို XOLO X900 ဟုအမည်ပေးထားသည်။ အိန္ဒိယကုမ္ပဏီတစ်ခုဖြစ်သည့် Lava က ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဧပြီ ၂၃ ရက်က တစ်လုံးလျှင် ရူပီး ၂၂၀၀၀ (၂၆၅ ပေါင်) ဖြင့် ရောင်းချပေးလျက်ရှိသည်။ Intel ကုမ္ပဏီက အိန္ဒိယဈေးကွက်သို့ ယခင်က စမတ်ဖုန်းထုတ်လုပ်ရောင်းချရန် ကြိုးစားခဲ့ဖူးသည်။ မအောင်မြင်ခဲ့ပေ။ ယခုတစ်ဖန်ပြန်လည်ကြိုးစားရာမှာ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

အခြားသောနည်းပညာကုမ္ပဏီများဖြစ်ကြသည့် မိုတိုရိုလာနှင့် လီနိုဗိုတို့ကလည်း Intel ချစ်ပြားသုံးပြီး စမတ်ဖုန်းထုတ်လုပ်ရန် ကြိုးစားလျက်ရှိသည်။ ချစ်ပြားထုတ်လုပ်သူ Intel ကဇန်နဝါရီလတွင် ဘာစီလိုနာ၌ကျင်းပသော လျှပ်စစ်ထုတ်ကုန်ပစ္စည်းပြပွဲတွင် အိန္ဒိယ၌ စမတ်ဖုန်းထုတ်လုပ်ရောင်းချသွားရန် သဘောတူညီခဲ့သည်။

အဆိုပါ XOLO X900 အမည်ရှိ စမတ်ဖုန်းသည် 8 မစ်ဂါပစ်ဇယ်ရှိ ကင်မရာတစ်လုံးပါရှိသည်။ အိန္ဒိယဆက်သွယ်ရေးကုမ္ပဏီ Lava သည် တိုးတက်မှုအမြန်ဆုံး အိန္ဒိယကုမ္ပဏီဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်ခွဲခန့်က စတင်တည်ထောင်ခဲ့သည်။ ထိုနှစ်အတွင်း အိန္ဒိယ၌ စမတ်ဖုန်းအလုံး ၁၀ သန်းရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**



အပါးလွှာဆုံး iphone အက်ပဲလ်ထုတ်လုပ်မည်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၅

အမေရိကန်နိုင်ငံရှိ အက်ပဲလ်ကုမ္ပဏီကြီးသည် ကမ္ဘာ့ထိပ်တန်းနည်းပညာ ကုမ္ပဏီကြီးဖြစ်သည်။ ကမ္ဘာ့မိုဘိုင်းလ်ဖုန်းနှင့် ကွန်ပျူတာများ အများဆုံးထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီကြီးလည်းဖြစ်သည်။ယခုအက်ပဲလ်ကုမ္ပဏီက ကမ္ဘာ့အပါးလွှာဆုံး iphone ကို ထုတ်လုပ်သွားရန် မစ်ရှင်တစ်ခုဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၃ ရက်က သတင်းထုတ်ပြန်ကြေညာခဲ့သည်။ **(ဝဲပုံ)**

အက်ပဲလ်ကုမ္ပဏီသည် အပါးလွှာဆုံး i phone ကို တစ်ခါမျှထုတ်လုပ်ခဲ့ဖူးခြင်းမရှိပေ။ အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်မည့် iphone သည် ၇ ဒသမ ၉ မီလီမီတာခန့်သာရှိမည်။ ယခုနှစ်ကုန်ပိုင်းတွင် ထုတ်လုပ်မည်ဟုဆိုသည်။ အပါးလွှာဆုံး iphone အတွက် အသုံးပြုမည့် ဘက်ထရီကိုပါ ပါးလွှာအောင်ထုတ်လုပ်လျက်ရှိသည်။ ၎င်း iphoneသည် အက်ပဲလ်ကုမ္ပဏီက ထုတ်လုပ်သည့် ဆဋ္ဌမမြောက်မျိုးဆက်သစ် iphone ဖြစ်လာမည်ဟုဆိုသည်။ **(အင်တာနက်)**

ပထမဆုံးမျိုးဆက်သစ်ချစ်ပြား Intel မှ ထုတ်လုပ်

နယူးယောက် ဧပြီ ၂၅

ကမ္ဘာကျော်ချစ်ပြားထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် Intel ကုမ္ပဏီက ပထမဆုံးမျိုးဆက်သစ်ချစ်ပြားကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၃ ရက်က သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါမျိုးဆက်သစ်ချစ်ပြားကို Ivy Bridge ဟုအမည်ပေးထားပြီး ယခုသီတင်းပတ်အတွင်း ဈေးကွက်သို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း Intel က ပြောကြားသည်။ ၎င်းချစ်ပြားကို 3-D Structure ဖြင့် ပြုလုပ်ထားသည်။ Intelက ထုတ်လုပ်ခဲ့သည့်ချစ်ပြားများအနက် အမြန်ဆုံးချစ်ပြားဖြစ်သည်။ စွမ်းအင်ကုန်ကျမှုလည်း သက်သာစေသည်ဟုဆိုသည်။

Ivy Bridge မျိုးဆက်သစ်ချစ်ပြားကို Laptop ကွန်ပျူတာများတွင်လည်း အသုံးပြုနိုင်ကြောင်း Intel ကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးမြို့ကြီးသုံးမြို့ Street View ကြည့်နိုင်

တဲအဗစ် ဧပြီ ၂၅

အစ္စရေးနိုင်ငံ၏ စိတ်ဝင်စားဖွယ်နေရာများနှင့် မြို့ကြီးသုံးမြို့၏ ရှုခင်းပုံများကို အပြင်ဘက်တွင် လမ်းလျှောက်မြင်ရသည့်အနေအထားအတိုင်းမြင်ရမည့် Street View ကို ဂူဂဲဝက်ဘ်ဆိုက်က ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၃ ရက်တွင် ကြေညာသည်။

ဂျေရုဆလင်၊ တဲလ်အဗစ်နှင့် ဟိုင်ဖာမြို့ကြီးများရှိ အထင်ကရနေရာများကို မျက်မြင်အနေအထားအတိုင်းမြင်တွေ့ခံစားနိုင်သည့် ဓာတ်ပုံများကို ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း ဂူဂဲ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(အောက်ပုံ)**

အဆိုပါ မြင်ကွင်းပုံများတွင် ဂျေရုဆလင်မြို့ဟောင်း၊ Sepulchre ချာ့ချ်ကျောင်း၊ Western Wall နှင့် Olives တောင်၊ ဂျက်ဖာဆိပ်ကမ်းဟောင်း၊ Bahai ဥယျာဉ် မြင်ကွင်းပုံများကိုလည်း အင်တာနက်အသုံးပြုသူများအနေဖြင့် ကြည့်ရှုခံစားနိုင်သည်ဟု ဆိုသည်။

Street View ဝက်ဘ်ဆိုက်သည် ၂၀၀၆ ခုနှစ်ကစတင်ပြီး ကမ္ဘာ့မြို့ကြီးများ၏ အထင်ကရနေရာများကို Google Maps မှတစ်ဆင့် ထုတ်လွှင့်ပေးခဲ့သည်။ နယူးယောက်၊ ပါရီနှင့် ဟောင်ကောင်ကဲ့သို့ မြို့ကြီးများကို အပြင်ဘက်တွင် ပကတိမြင်ရသည့် အနေအထားအတိုင်း ကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးထားသည်။ **(အင်တာနက်)**

ထားဝယ်နှင့် ရန်ကုန်မြို့အနီးရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းများ တည်ထောင်သွားရန် စီမံလျက်ရှိ ဂျပန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် အဆင်ပြေစေရေး တတ်နိုင်သလောက် ကူညီပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မလွှိုင် (၃)ရပ်ဖြင့် ကူညီပံ့ပိုးမည် ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုရှာဖွေရေးနှင့် စွမ်းအင်ကုမ္ပဏီများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ဆန္ဒရှိ

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ(State Guest House) ၌ ကျင်းပသည့် မြန်မာ-ဂျပန်နှစ်နိုင်ငံထိပ်သီး အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံထိပ်သီးအစည်းအဝေး တက်ရောက်ရန် အစိုးရဧည့်ဂေဟာသို့ ရောက်ရှိလာရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရိုရှီဟီကို နိုဒ က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် မြန်မာ-ဂျပန် နှစ်နိုင်ငံထိပ်သီး အစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးတင်နိုင်သိန်းနှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျပန်သံအမတ်ကြီးMr. Takashi SAITO နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

မြန်မာ-ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို တိုကျိုမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်၍ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးစိုးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Minister-Counsellor / Deputy Chief of Mission Mr. Ichiro Maruyama နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၂ ●

စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်၍ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)